**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

**ပုသိမ်မြို့**

**၂၀၁၇ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်- ၄၂**

| | | |
|---|---|---|
| ၁။ ဦးစိုးမင်းဦး | နှင့် | ဦးအောင်ဌေး |
| ၂။ ဒေါ်အိသူထက် | | |
| (အယူခံတရားလို) | | (အယူခံတရားပြိုင်) |

အယူခံတရားလိုအတွက်၊ ဦးဖြိုးသွင်၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက်၊ ဦးနေဝင်း၊ တရားလွှတ်တော်ရှေ့နေ

ပုသိမ်ခရိုင်တရားရုံးတရားမကြီးမှုအမှတ်-၇၂/၂၀၁၄ တွင် ၂-၂-၂၀၁၇နေ့ကချမှတ်ခဲ့သော အမိန့်ကိုကျေနပ်မှုမရှိ၍အယူခံဝင်ရောက်မှု

**စီရင်ချက်**

၂၀၁၇ခုနှစ်၊ ဇွန် လ(    )ရက်

ပုသိမ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၂/၂၀၁၄ ဦးအောင်ဌေးနှင့်စိုးမင်းဦးပါ-၂ အစုစပ်လုပ်ငန်းဖျက်သိမ်း၍ စာရင်းရှင်းလင်းခွဲဝေပေးစေလိုမှုတွင် တရားပြိုင်တို့သည် စာရင်းရှင်းလင်းပြီးပေးလျော်ရန်တာဝန်ရှိသောငွေ ၃၉၅၆၆၅၀၀/- ကျပ်အား စရိတ်နှင့်တစ်ကွပေးဆပ်စေရန် ချမှတ်ခဲ့သည့်အမိန့်ကို တရားပြိုင်များကကျေနပ်မှုမရှိ၍ ဤပထမအယူခံကိုဝင်ရောက်ခြင်းဖြစ်သည်။

အမှုမှာပုသိမ်မြို့၊ ရကအ(၄)၊ ရွှေစေတီလမ်းအမှတ်- ၆၇နေတရားလို ဦးအောင်ဌေးက၊ ပုသိမ်မြို့ရကအ(၄)၊ မြေနုလမ်းနေဦးစိုးမင်းဦးနှင့်ဒေါ်အေးသူထက်တို့နှင့် အလှပြင်ဆိုင်လုပ်ငန်းအားငွေစိုက်လူစိုက်လုပ်ငန်းစပ်တူလုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီး၊ တရားပြိုင်တို့၏လုပ်ဆောင်မှုကြောင့် ဆုံးရှုံးနစ်နာခဲ့သည့်အတွက် အစုစပ်လုပ်ငန်းများဖျက်သိမ်း၍ စာရင်းရှင်းလင်းပေးရန်စွဲဆိုသောအမှုဖြစ်သည်။

တရားလိုဘက်မှ အဆိုပြုသည်မှာ တရားလိုနှင့်တရားပြိုင်တို့သည် ပုသိမ်မြို့အမှတ် ၄ရပ်ကွက်မြေနုလမ်းအမှတ် ၄၂ A တွင် “မီဇူ”အလှပြင်ဆိုင်လုပ်ငန်းအား တရားလိုမှစရိတ်စိုက်၍၊ တရားပြိုင်များကလုပ်အားစိုက်ထုတ်၍ အကျိုးတူအစုစပ်ဆောင်ရွက်ရန်သဘောတူစာချုပ်ချုပ်ဆိုကြကြောင်း၊ စာချုပ်တွင်စည်းကမ်းချက်(၃)ချက်ထားကြောင်း၊ နှစ်ဦးသဘောတူ “မီဇူ”အလှပြင်ဆိုင်လုပ်ငန်းအား ၁-၆-၂၀၁၁နေ့မှ စတင်ဆောင်ရွက်ပြီး အနည်းဆုံး၃နှစ်လုပ်ကိုင်သွားရန် “မီဇူ”အလှပြင်ဆိုင်လုပ်ငန်းအတွက် ငှားရမ်းသည့်ဆိုင်ခန်းငှားရမ်းခ၊ ဝန်ထမ်းလစာ၊ စားစရိတ်ဆေးဖိုး အခြားကုန်ကျစရိတ်ကို လုပ်ငန်းမှရရှိသည့်ဝင်ငွေအကျိုးအမြတ်မှ နှုတ်ပယ်ရန်

စာချုပ်ပါသက်တမ်း ၃နှစ်ကုန်ဆုံးပြီးနှစ်ဦးသဘောတူ ငွေစာရင်းရှင်းလင်းပြီးလျှင် လုပ်ငန်းအသစ်ထပ်မံစာချုပ်ချုပ်ဆိုရန်၊ လုပ်ငန်းကိုတရားပြိုင်များက အမ်းယူလိုက ၃လ ကြိုတင်အကြောင်းကြား၍ လုပ်ငန်းသုံးပစ္စည်းများအား ထိုက်သင့်သောဈေးဖြင့်ယူရန် စည်းကမ်းများထား ၍ လုပ်ကိုင်ခဲ့ကြောင်း၊ ထိုစာချုပ်ပါစည်းကမ်းကို ၁-၈-၂၀၁၂နေ့မှစ၍ တရားပြိုင်တို့ကလိုက်နာဆောင်ရွက်ခြင်းမရှိဘဲ၊ တစ်လမ်းတည်းတွင် အိမ်အမှတ် - ၃၃/ခ၌ ဒီဒီးအလှပြင်လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်ခဲ့၍ လုပ်ငန်းအကျိုးအမြတ်မရှိဘဲ အရှုံးပေါ်သဖြင့် တရားလိုတွင် ၃၉၃၄၀၀၀ဝိ/- နစ်နာပြီးနောက်ထပ်နစ်နာမှုမှာ ၂၂၆၅၀ဝိ/-ဖြစ်၍ စုစုပေါင်း ၃၉၅၆၆၀ဝိ/- နစ်နာကြောင်းသို့ဖြစ်၍ စာရင်းရှင်းလင်း၍ရသင့်ငွေကို တရားပြိုင်များကပေးလျော်ရန်အဆိုပြုထားသည်။

တရားပြိုင်များက တရားပြိုင်နှင့်ဒီဒီးအလှပြင်ဆိုင်မှာ ပတ်သက်မှုမရှိကြောင်း၊ တရားလိုကလုပ်ငန်းလိုအပ်သောမီးစက်ဂယ်ယူမပေး၍လည်းကောင်း၊ ဆိုင်အနီးတွင်တိုဦးထွန်းထွန်းအလှပြင်ဆိုင်နှင့်ဒီဒီးအလှပြင်ဆိုင်ဖွင့်၍ ဝင်ငွေကျဆင်းလာခြင်းဖြစ်ကြောင်း၊ မီဇူအလှပြင်လုပ်ငန်းအတွက် ပစ္စည်းကုန်ကျငွေမှာ ၅၄၈၄၄၉ဝိ/-သာဖြစ်ကြောင်း၊ တရားပြိုင်များက အရှုံးကိုတစ်ဝက်ကျခံကာ ကြိုးစားလုပ်ကိုင်နေပါလျှက် တရားလိုကရပ်စဲခဲ့ခြင်းသာဖြစ်ကြောင်း၊ စာချုပ်စည်းကမ်းကိုတရားလိုက ဖောက်ဖျက်ခြင်းဖြစ်ကြောင်း၊ ဝင်ငွေထွက်ငွေစာရင်းနှင့် ငွေကြေးကိုတရားလို၏မန်နေဂျာကသာ တရားလိုကိုယ်စားကိုင်တွယ်သူဖြစ်၍ တရားလိုကသာ ငွေစာရင်းရှင်းပေးရမည်ဖြစ်ကြောင်း၊ ၉-၁၁-၂၀၁၃နေ့တွင် မီဇူအလှပြင်ဆိုင်မှ ပစ္စည်းများကိုတရားလို၏မန်နေဂျာမနီလာဖြိုးသို့အပ်နှံပြီးဖြစ်၍ ၄င်းရက်နောက်ပိုင်းနစ်နာခြင်းမှာ တရားပြိုင်များနှင့်မဆိုင်ကြောင်း တရားလိုတင်ပြသောစာရင်းများမှာ ပြည့်စုံမှန်ကန်သောစာရင်းများမဟုတ်၍ တရားလိုတောင်းဆိုသည့် သက်သာခွင့်မရထိုက်ကြောင်း ချေပထားသည်။

အဆိုအချေများအရအောက်ပါရုံးငြင်းချက်များထုတ်ထားသည်။

(၁) (၁- ၆ -၂၀၁၁) ရက်စွဲပါ နှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းဆောင်ရွက်ခြင်းကတိစာချုပ်သည်တံဆိပ်ခေါင်းလုံလောက်စွာထမ်းဆောင်ထားခြင်းမရှိသဖြင့် ဥပဒေနှင့်မညီညွတ်သောစာချုပ်ဆိုသည်မှာ မှန်ပါသလား။

(၂) (၁- ၆- ၂၀၁၂) ရက်စွဲပါနှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းဆောင်ရွက်ခြင်းကတိစာချုပ်သည် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အတည်မပြုနိုင်သော စာချုပ်ဖြစ်ကြောင်းမူလကပင်ပျက်ပြယ်နေသော စာချုပ်ဖြစ်သည်ဆိုခြင်းမှာ မှန်သလား။

(၃) တရားလိုနှင့်တရားပြိုင်တို့သည် (၁-၆-၂၀၁၁)ရက်နေ့တွင်စည်းကမ်း(၃)ချက်ထားပြီးကတိစာချုပ်ချုပ်ဆို၍ အလှပြင်ဆိုင်လုပ်ငန်းအားနှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းလုပ်ဆောင်ခဲ့ကြသည်မှာ မှန်သလား။

(၄) တရားပြိုင်တို့သည် စာချုပ်ပါစည်းကမ်းချက်များအား လေးစားလိုက်နာခြင်းမရှိဘဲ (၁-၈-၂၀၁၂)နေ့မှစ၍ မီဇူအလှပြင်ဆိုင်နှင့် တစ်လမ်းတည်းအိမ်အမှတ်-(၃၃)/(ခ)တွင်ဒီဒီးအလှပြင်ဆိုင်ဖွင့်လှစ်လုပ်ကိုင်ခဲ့သဖြင့် မူလအကျိုးတူလုပ်ကိုင်သော အလှပြင်ဆိုင်လုပ်ငန်းအကျိုးအမြတ်မရှိဘဲ အရှုံးပေါ်၍ လုပ်ငန်းရပ်ဆိုင်းသည့်အနေအထားသို့ ရောက်ခဲ့သည်မှာ မှန်သလား။

(၅) တရားပြိုင်များ၏ ပြုလုပ်မှုကြောင့် တရားလိုတွင်နစ်နာကြေးငွေ ၃၉၃၄၀၀၀ဝ/-ကျပ်နှင့်လုပ်ငန်းရပ်ဆိုင်ရသဖြင့်နောက်ထပ်နစ်နာကြေးငွေ-၂၂၆၅၀ဝ/-ကျပ်စုစုပေါင်း၃၉၅၆၆၅၀ဝ/-ကျပ်နစ်နာခဲ့သည်မှာ မှန်သလား။

(၆) ထိုသို့နစ်နာမှုရှိလာသဖြင့် အစုစပ်လုပ်ငန်းဖျက်သိမ်းပြီး စာရင်းရှင်းလင်းပြီးတရားလိုသို့တရားပြိုင်တို့မှ နစ်နာကြေး ၃၉၅၆၆၅၀ဝ/-ကျပ်ပေးလျော်ရန်တာဝန်ရှိသည်မှာ မှန်သလား။

(၇) ဝင်ငွေ ၊ ထွက်ငွေစာရင်းများနှင့်ငွေကို တရားလိုမန်နေဂျာမှတစ်ဆင့် တရားလိုမှထိန်းသိမ်းထားသဖြင့် စာရင်းရှင်းလင်းပေးစေလိုမှုကို တရားလိုအနေဖြင့် စွဲဆိုခွင့်မရှိသောကြောင့်တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ဆိုသည်မှာ မှန်သလား။

(၈) ၂၀၁၃ခုနှစ် (၁၀)လပိုင်းတွင် စာရင်းရှင်းလင်းပြီးဖြစ်သည်မှာ မှန်သလား။

(၉) စာရင်းရှင်းလင်းပေးမည့်သူမှာ တရားလိုဖြစ်၍ စွဲဆိုသော အမှုပုံစံမမှန်ဆိုသည်မှာ မှန်သလား။

(၁၀) တရားစွဲဆိုရန်အကြောင်းမပါသည့်အဆိုလွှာဖြစ်၍ ပလပ်သင့်သည်မှာ မှန်သလား။

(၁၁) တရားလိုအနေဖြင့်မည်သည့်သက်သာခွင့်ရထိုက်သနည်းတို့ဖြစ်သည်။

မူလခရိုင်တရားရုံးက ငြင်းချက် (၁)၊(၂)နှင့်(၉) တို့အား ပဏာမငြင်းချက်အဖြစ်ဦးစွာကြားနာ ပြီးတရားလိုအားအသာပေးဖြေဆိုခဲ့ပြီးဖြစ်သည်။ ကျန်ငြင်းချက်များကို တရားလိုအားအသာပေးဖြေဆို၍တရားပြိုင်က တရားလိုအားကျပ်သိန်း၃၉၅၆၆၅၀ဝ/-ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

ငြင်းချက်အမှတ်၁၊၂နှင့်၃တို့မှာ တရားလိုနှင့်တရားပြိုင်တို့၏ အစုစပ်လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ မှန်ကန်ခြင်းရှိမရှိ တရားဝင်မဝင်တို့ကို ငြင်းချက်ထုတ်ခဲ့ခြင်းဖြစ်သည်။

အစုစပ်လုပ်ငန်းသည် ၂ဦးသို့မဟုတ် ၂ဦးထက်ပိုသူများကစည်းကမ်းချက်ထား၍အစုစပ်လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်သည်။ အစုစပ်လုပ်ငန်းအက်ဥပဒေအရ စာချုပ်ကိုမလွဲမသွေချုပ်ဆိုရမည်၊ မှတ်ပုံတင်ရမည်ဟုပြဋ္ဌာန်းထားခြင်းမရှိပေ။

အစုဝင်အချင်းချင်းသဘောတူအစုစပ်လုပ်ငန်းလုပ်ကိုင်ထားခြင်းဖြစ်၍၊မူလခရိုင်တရားရုံး၏ငြင်းချက် ၁၊၂နှင့် ၃အပေါ်ဖြေဆိုချက်များမှားယွင်းမှုမရှိပေ။

အစုစပ်လုပ်ငန်းသည် အစုဝင်ကစည်းကမ်းဖောက်ဖျက်၍ဖြစ်စေ ၂ဦးသဘောတူဖျက်သိမ်းခြင်းဖြင့်ဖြစ်စေဖျက်သိမ်းနိုင်ပေသည်။ အမှုတွင်တရားပြိုင်သည် အကျိုးတူလုပ်ငန်းလုပ်နေရာမှာမိမိလုပ်ငန်းအကျိုးပျက်စေသော ဖောက်သည်များအားအခြားဆိုင်သို့ခေါ်သည်၊ အခြားအလှပြင်ဆိုင်တစ်ခုအားတည်ထောင်သည်ဟူသော စွပ်စွဲချက်ကို တရားလိုကစွပ်စွဲခဲ့သည်။ တရားလိုနှင့်တရားပြိုင်တို့၏ စာချုပ်တွင်ပါဝင်သော စည်းကမ်းချက်များမှာ လုပ်ငန်းကို၃နှစ်ပြည့်အောင်လုပ်ဆောင်ရန်၊ အလှပြင်ဆိုင်၏ကုန်ကျစရိတ်များအား ဝင်ငွေအကျိုးအမြတ်မှနုတ်ပယ်ရန်နှင့် ၃နှစ်ပြည့်၍ဆက်လက်လုပ်ကိုင်လိုလျှင် စာချုပ်အသစ်ချုပ်ဆိုရန် သို့မဟုတ်တရားပြိုင်များက ငွေအမ်းယူလျှင်ယူနိုင်ရန်စည်းကမ်းချက်များဖြစ်သည်။ သက်သေထွက်ဆိုချက်အရလုပ်ငန်းကိုရပ်ဆိုင်းရန် နို့တစ်ပေးသူမှာ တရားလိုဖြစ်သည်။ ၃နှစ်မပြည့်မီအရှုံးပေါ်၍လုပ်ငန်းရပ်ဆိုင်းရန်

တရားလိုကစတင်လုပ်ဆောင်ခြင်း၊ ဂင်ငွေနှင့်စပ်လျဉ်း၍ရှင်းလင်းမှုကို တရားလို၏မန်နေဂျာက သာပြုလုပ်၍ငွေကို တရားလိုကစီမံခန့်ခွဲကြောင်း ပေါ်လွင်ခြင်းတို့ကြောင့်သက်သေခံ "က" စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်းမတွေ့ရပေ။ သို့သော်တရားပြိုင်တို့သည် ဒီဒီးအလုပြင်ဆိုင်သို့ မိမိဆိုင်မှဖောက်သည်များကိုပို့ပေးခြင်း၊ အဆိုပါဒီဒီးအလုပြင်ဆိုင်သို့သွားရောက်လုပ်ကိုင်ကြောင်း အချက်အလက်များပေါ်ပေါက်ခြင်းတို့ကြောင့် မိမိအစုစပ်လုပ်ငန်း၏ အကျိုးထိခိုက်အောင်ဆောင်ရွက်မှုရှိကြောင်း ပေါ်ပေါက်ရာအစုစပ်လုပ်ငန်းအက်ဥပဒေ ပုဒ်မ၉ အရအစုဂင်တစ်ဦးအနေဖြင့်ရိုးသားစွာဆက်ဆံရန်ပြဌာန်းချက်ကိုဖောက်ဖျက်ကြောင်းပေါ်ပေါက် နေသည်။ သို့ဖြစ်၍ငြင်းချက် ၄ အား တရားလိုအားအသာပေးဖြေဆိုခဲ့ခြင်းမှာ မှန်ကန်ပေသည်။

အမှုတွင်တရားလိုက၄င်း၏ နစ်နာကြေးငွေရရန်တောင်းဆို အဆိုပြုသည်၊တရားပြိုင်များ ကစာရင်းရှင်းလင်းပြီးကြောင်း၊ အစုစပ်လုပ်ငန်းဖြစ်၍ အရှုံးအမြတ်မျှဝေခံရမည်ဖြစ်ကြောင်း၊ တရားလို တောင်းဆိုသောနစ်နာကြေးမှာ မှန်ကန်မှုမရှိကြောင်းချေပထားသည်။ တရားလိုက ၄င်း၏နစ်နာကြေးနှင့်စပ်လျဉ်း၍ အသေးစိတ်တွက်ချက်ပုံ တင်ပြထားနိုင်ခြင်းမရှိပေ။ အစုစပ် လုပ်ငန်းအက်ဥပဒေအရအစုဂင်အချင်းချင်းအစုစပ်လုပ်ငန်းကိုဖျက်သိမ်းစာရင်းရှင်းလင်းမပြီးမီ လျော်ကြေးစွဲဆိုနိုင်ခြင်းမရှိပေ၊ အစုစပ်လုပ်ငန်းကိုဖျက်သိမ်းမှသာစွဲနိုင်မည်ဖြစ်သည်။

အမှုတွင် တရားလိုတရားပြိုင်တို့သည်လုပ်ငန်းရပ်ဆိုင်းသည်ကိုသဘောတူခဲ့ကြသည်ဖြစ် ၍ အစုစပ်လုပ်ငန်းကို ဖျက်သိမ်းပေးသင့်ကြောင်းသုံးသပ်တွေ့ရှိရသည်။ သို့ဖြစ်၍တရားလို တောင်းဆိုသည့်အတိုင်း အစုစပ်လုပ်ငန်းဖျက်သိမ်းကြောင်းနှင့် တရားပြိုင်တို့၏ အချိုးကျရ ထိုက်ခွင့်ကြေညာ၍ ပဏာမဒီကရီချမှတ်ရမည်ဖြစ်သည်။

တရားလိုနှင့်တရားပြိုင်တို့သည် ငွေစိုက်၊ လုပ်အားစိုက်၍ အကျိုးတူဆောင်ရွက်ကြသည် ဖြစ်ရာ အရှုံးအမြတ်စာရင်းအပေါ် အကျိုးအမြတ်မည်သို့ခံစားမည်ဟူသော သဘောတူညီချက် အပေါ်အရှုံးအမြတ်စာရင်းနှင့် လိုအပ်ပါကလုပ်ငန်းအပေါ်မရိုးဖြောင့်မှုအတွက်လျော်ကြေး မည်မျှ ပေးထိုက်သည်တို့ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်၍ စာရင်းစစ်ဆေးရန်လိုအပ် နေကြောင်းတွေ့ရှိရသည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာကိုသုံးသပ်ပြီးမှ အပြီးအသတ်ဒီကရီချမှတ်ပေးရမည်ဖြစ်ပေသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၀ နည်း၁၅အရ အစုစပ်လုပ်ငန်းကိုဖျက်သိမ်းပေးရန် စွဲဆို သောအမှုတွင်အစုစပ်လုပ်ငန်းဖျက်သိမ်းရန်နှင့် စာရင်းကိုကောက်ယူရှင်းလင်းပေးစေရန်ဖြစ်လျှင် ပဏာမဒီကရီချမှတ်နိုင်သည်။ ယင်းပဏာမဒီကရီတွင်အမှုသည်များ၏အချိုးကျရှယ်ယာများကို ကြေညာ၍ အစုစပ်လုပ်ငန်းဖျက်သိမ်းပြီးဖြစ်ရမည်။ ဖျက်သိမ်းကြောင်းမှတ်ယူရန် နေ့ရက် သတ်မှတ်၍စာရင်းများကောက်ယူ ရှင်းလင်းစေရန် ညွှန်ကြားရပေမည်။

**ဟာဆန်မာမွတ်နှင့်မိုဟာမက်ဆာဒပ်ဒါနင်းစ်**[၁] အမှုတွင် အစုစပ်လုပ်ငန်းကိုဖျက်သိမ်း၍ လုပ်ငန်းဆိုင်ရာစာရင်းရရှိရန် တရားစွဲဆိုသောအမှုတွင်ပဏာမဒီကရီချမှတ်ရာ၌ တရားမကျင့် ထုံးအမိန့် ၂၀ နည်း၁၅အရ အစုစပ်များမည်သည့်အချိုးဖြင့် ရထိုက်ကြောင်းဆုံးဖြတ်၍ မည်သည့်

(၁) ၁၉၆၃ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၅၃၃

နေ့၌ထိုအစုစပ်လုပ်ငန်းကို ဖျက်သိမ်းပြီးဖြစ်ကြောင်းဖော်ပြပြီး စာရင်းများကောက်ယူရန်နှင့် အခြားဆောင်ရွက်ရန်ရှိသည်တို့ကိုဆောင်ရွက်ရန် အမိန့်ချမှတ်ရမည်ဖြစ်သည်ဟု လမ်းညွှန်ဆုံးဖြတ်ထားသည်။

အမှုတွင်တရားလိုနှင့်တရားပြိုင်တို့သည် အချိုးတူဖြစ်ကြောင်း အငြင်းမပွားသည့်အတွက် တရားလိုတရားပြိုင်တို့၏ လုပ်ငန်းအစုစပ်လုပ်ငန်းကိုမည်သည့်နေ့တွင် ဖျက်သိမ်းပြီးဖြစ်၍ အစုဝင် ၂ဦးသည်အချိုးတူရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ရမည်ဖြစ်သည်။ အချိုးတူခွဲဝေရန် စာရင်းရှင်းလင်းရာတွင်စာရင်းရှင်းလင်းရေးအရာရှိ၏ စာရင်းကောက်ယူပြီးနောက် အစီရင်ခံစာအရပေါ်ပေါက်လာသော အစုဝင်အားတရားပြိုင်ကပေးစေရန် တွေ့ရှိလျှင်အပြီးသတ်ဒီကရီတွင် တရားပြိုင်ပေးစေရန်ကိုလည်းထည့်သွင်းအမိန့်ချရမည်ဖြစ်သည်။ A I R 924 ALL 854 ကို ကြည့်ပါ။

ပဏာမဒီကရီပုံစံမှာ တရားမကျင့်ထုံးဥပဒေနောက်ဆက်တွဲ ဃ ပုံစံအမှတ် ၁၉ ဖြစ်၍ အစုစပ်လုပ်ငန်းကိုဖျက်သိမ်းပြီးဖြစ်ကြောင်း စွဲဆိုသောအမှုတွင်လည်း စာရင်းရှင်လင်းရန်လိုအပ်၍ ထိုပုံစံပင်သုံးရမည်ဖြစ်ပေသည်။

သို့ဖြစ်၍ မူလခရိုင်ရုံးသည် တရားလိုနှင့်တရားပြိုင်တို့၏ အစုစပ်လုပ်ငန်းအား မည်သည့်နေ့တွင်ဖျက်သိမ်းပြီး ဖြစ်ကြောင်းနှင့်တရားလိုတရားပြိုင်တို့သည် အချိုးတူရထိုက်ခွင့်ရှိကြောင်း ကြေညာသည့်ပဏာမဒီကရီကိုချမှတ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိခန့်အပ်ပြီးစာရင်းများကောက်ယူရှင်းလင်းစေပြီးမှအပြီးသတ်ဒီကရီချရမည်ဖြစ်ပေသည်။ သို့ဖြစ်၍ အစုစပ်လုပ်ငန်းဖျက်သိမ်းကြောင်းနှင့် အစုဝင်တို့၏အချိုးကိုကြေညာကြောင်း ပဏာမဒီကရီချမှတ်ခြင်းမရှိဘဲ အပြီးသတ်အနိုင်ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေအရမှားယွင်းနေ၍ ပြင်ဆင်ရန်လိုအပ်ကြောင်းတွေ့ရှိသည်။

ဤအယူခံမှုကိုခွင့်ပြုသည်။ မူလခရိုင်တရားရုံး၏ ၂ -၂ -၂၀၁၇ ရက်နေ့တွင် ချမှတ်ခဲ့သော အပြီးသတ်အနိုင်ဒီကရီကိုပယ်ဖျက်လိုက်သည်။မူလခရိုင်တရားရုံးသည် အမှုအားမူလမှုနံပတ်ဖြင့် ပြန်လည်ဖွင့်၍ တရားလိုတရားပြိုင်တို့ရထိုက်ခွင့်ရှိသော အချိုးနှင့်အစုစပ်လုပ်ငန်း ဖျက်သိမ်းကြောင်းကြေညာသည့် ပဏာမဒီကရီချမှတ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိခန့်အပ် စာရင်းကောက်ယူစေရန်ညွှန်ကြားလိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀ဝိ/-သတ်မှတ်သည်။